PRATU Journal of Buddhist and Hindu Art, Architecture and Archaeology of Ancient to Premodern Southeast Asia

## စာရေးသူ ဝန်ခံကတိ

Pratu (အရှေ့တောင်အာရှ ရှေးဟောင်းအတိတ်ကာလနှင့် မျက်မှောက်ခေတ်မတိုင်မီ (premodern) ကာလများရှိ ဗုဒ္ဓနှင့် ဟိန္ဒူ ဘာသာဆိုင်ရာ အနုပညာ၊ ဗိသုကာလက်ရာနှင့် ရှေးဟောင်းသုတေသနဂျာနယ်) သည် ကျောင်းသင်ကြားရေး မှ သုတေသနဆိုင်ရာ သက်မွေးမှုလုပ်ငန်းခွင်သို့ ဝင်ရောက်ကြမည့် သုတေသီအသစ်များ၏ ပထမဆုံးသော ပညာရပ်ဆိုင်ရာ ရေးသားထုတ်ဝေရေး အတွေ့အကြုံကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် တတ်သစ်စ သုတေသီများ၏ ဆောင်းပါးများကို ကြိုဆိုပါသည်။ Pratu သည် နိုင်ငံတကာ ပညာရပ်ဆိုင်ရာ ရေးသား ထုတ်ဝေခြင်းများ တွင်လုပ်ဆောင်ရမည့် လိုအပ်ချက်များ နှင့် လုပ်ငန်းစဉ်များကို ရင်းနှီးကျွမ်းဝင်စေရန်အတွက် ဝန်းကျင်ကောင်းတစ်ရပ်ကို တတ်သစ်စသုတေသီများအား ကူညီ ထောက်ပံ့ပေးပါသည်။ အယ်ဒီတာအဖွဲ့သည် စာရေးသူတို့၏ ဆောင်းပါး အရည်အသွေးများကောင်းမွန်စေရန် နှင့် ၎င်းဆောင်းပါးအား အယ်ဒီတာတို့၏ ဝေဖန် ထောက်ပြ ပြင်ဆင်ချက်များပြုလုပ်၍ Pratu ဂျာနယ်တွင် ထုတ်ဝေခွင့်ရရှိနိုင်ရန် ပံ့ပိုးကူညီပေးပါသည်။ အရှေ့တောင်အာရှနိုင်ငံ ဘာသာစကားနှင့် ရေးသား ပေးပို့သော ဆောင်းပါးများကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးပါသည်။ ဤကဲ့သို့ လုပ်ဆောင်ရခြင်းမှာ အလားအလာရှိသော နိုင်ငံတကာစာဖတ် ပရိသတ်၊ သုတေသီများ အပြန်အလှန်ဆက်သွယ်နိုင်ရန် ကွန်ရက် နှင့် နိုင်ငံတကာ ပူးပေါင်းလုပ်ကိုင်မှု ဖွံ့ဖြိုးတိုးတတ်စေရန် ရည်ရွယ်ပါသည်။

စာရေးသူအနေဖြင့် ပေးပို့သော စာမူကို ထုတ်ဝေရန်ပြင်ဆင်ရာတွင် အရေးပါသော လုပ်ငန်းစဉ်များ လုပ်ဆောင်ရမည်ကို သိရှိလက်ခံထားရန် Pratu မှ မေတ္တာရပ်ခံပါသည်။ စာမူအား ပိုမို ကောင်းမွန်စေရန်အတွက် အကြိမ်ပေါင်းများစွာ စာတည်းဖြတ်ခြင်းများ လိုအပ်လျှင်လိုအပ်သလို ပြင်ဆင် ဖြည့်စွက်ခြင်းများ အပြင် ပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အခြားပြင်ပ ပညာရှင်များ နှင့် ညှိနှိုင်းမှုများ လိုအပ်သလို လုပ်ဆောင်ရပါမည်။ သို့ဖြစ်ပါသောကြောင့် စာရေးသူများအနေဖြင့် အောက်ဖော်ပြပါ website တွင် စာမူကြမ်း အားပေးပို့ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ (https://pratujournal.org/submit/) နှင့် စာမူကြမ်းပေးပို့ရမည့် နောက်ဆုံးချိန်နှင့် Pratu ဂျာနယ်၏ ပထမထုတ်ဝေမှု မူပိုင်ခွင့်အား အသိအမှတ်ပြုခြင်း (https://pratujournal.org/about/) ဆိုင်ရာ လမ်းညွှန်ချက်များ နှင့် အညီ လုပ်ဆောင်ရန် လိုအပ်ပါသည်။ စာရေးသူများအား ပညာရပ်ဆိုင်ရာ စာမူအားထုတ်ဝေရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် ရည်းနှီးကျွမ်းဝင်စေရန် Pratu အယ်ဒီတာများမှ လမ်းညွှန်ပေးသွားပါမည်။

စာရေးသူသည် သုတေသနပြုလုပ်ရာတွင် UNESCO ၁၉၇၂ ကမ္ဘာ့အမွေအနှစ် ညီလာခံ နှင့် ၁၉၇၀ ယဉ်ကျေးမှုပစ္စည်းများကို တရားမဝင် တင်ပို့ခြင်း၊ တင်သွင်းခြင်း နှင့် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား ကာကွယ်တားမြစ်သည့် ညီလာခံ (ဖော်ပြပါ ဟိုက်ပါလင့်ခ် မှတဆင့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော အဆိုပါ UNESCO သဘောတူညီချက်များကိုဝင်ရောက် ဖတ်ရှုနိုင်ပါသည်။ 1972 World Heritage Convention နှင့် 1970 Convention on the Means of Prohibiting and Preventing the Illicit Import, Export and Transport of Ownership of Cultural Property) များ မှ ချမှတ်ထားသော ဥပဒေသများ ကိုယ်ကျင့်တရားများနှင့်အညီ လုပ်ဆောင်ထားမည်ဟု Pratu မှ ယုံကြည် ထားပါသည်။ အဆိုပါ တားမြစ်ချက်များသည် အရှေ့တောင်အာရှ နိုင်ငံများ၏ ကြီးငယ်မရွေးသော ရှေးဟောင်းသုတေသန နေရာဒေသများ နှင့် ယဉ်ကျေးမှုအမွေအနှစ် များကို ကာကွယ်ထိန်းသိမ်းရန် အထောက်အကူပြုပါသည်။ သို့ဖြစ်ပါသောကြောင့် စာတမ်းရှင်၏သုတေသနသည် တရားမဝင် ရောင်းဝယ် ရယူထားသော (သို့) တရားမဝင်ကုန်ကူးခြင်းမှ ရရှိထားသော ရှေးဟောင်းသုတေသန နှင့် သမိုင်းအနုပညာဆိုင်ရာ ပစ္စည်းများအပါအဝင် အရေးပါသော ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများကို ထိခိုက်စေသည့် (သို့) ခိုးယူသည့် လုပ်ရပ်များတွင်ပါဝင်ကျူးလွန်ခြင်းများ တမင်တကာရည်ရွယ်ချက်ဖြင့် ထောက်ခံမှုပြုသည့် ရေးသားခြင်း များမဖြစ်ရပါ။

အထက်အကြောင်းအရာပါ ကိစ္စရပ်များနှင့် ပတ်သက် ဆက်နွယ်နေမှုသည် မရိုးသားခြင်း၊ လူပုဂ္ဂိုလ် သို့ အဖွဲ့အစည်းအား ထိခိုက်စေမှုအဖြစ် မှတ်ယူပါမည်။ သို့သော် တရားမဝင် ရှေးဟောင်းပစ္စည်းရောင်းဝယ်မှု လမ်းကြောင်းများကို ဖော်ထုတ်ရေးသားသည့် သုတေသနများကို မူရေးသားထုတ်ဝေရန် ကန့်သတ်မထားပါ။

စာတမ်းရှင်အနေဖြင့် မိမိရိုက်ကူးထားသော ဓာတ်ပုံ (သို့) အခြားထုတ်ဝေပြီးသော ဓာတ်ပုံများကို ၎င်းတို့ စာတမ်းတွင် အသုံးပြုနိုင်ပါသည်။ အခြားသူများ၏ ဓာတ်ပုံများအသုံးပြုမည်ဆိုပါက မူလပိုင်ရှင်၏ ခွင့်ပြုချက် ရယူရန် စာရေးသူတွင်တာဝန်ရှိပါသည်။ Pratu အယ်ဒီတာများအနေဖြင့် ယင်းဓာတ်ပုံအား ပြန်လည် အသုံးပြုရာ တွင် အခကြေးငွေပေးရန်လိုအပ် လျှင်သော်လည်းကောင်း မူလပိုင်ရှင်ထံသို့ ဆက်သွယ်ရာတွင်လည်းကောင်း ကူညီ ပေးနိုင်ပါသည်။ စာရေးသူ၏ ကိုယ်စား မူလပိုင်ရှင်ထံသို့ ဆက်သွယ်ပြီး ခွင့်ပြုမိန့်တောင်းခံခြင်းအတွက် Pratu မှတာဝန်ယူပါသည်။

ကျေးဇူးပြု၍ အထက်ဖော်ပြပါ ထုတ်ဝေးရေးဆိုင်ရာ ကန့်သတ်ချက်များ ကိုသိရှိပြီးအခြားမည့်သည့် မရိုးသားမှုများ နှင့် လူပုဂ္ဂိုလ် သို့ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် ကိစ္စရပ်များမပါဝင်ကြောင်းအတည်ပြုရန် အောက်တွင် လက်မှတ်ထိုးပါ။ ထို့နောက် ဤပုံစံ နှင့် ရေးသားထားသော စာတမ်းအား အီးမေလ် ပို့ပေးပါ။ စာရေးသူ တစ်ယောက်ထက်ပိုသော ပူတွဲရေးသားသည့်စာတမ်းများအတွက်ကိုမူ ရေးသားသူတစ်ယောက်ခြင်းမှ သီခြား ပုံစံတွင် လက်မှတ်ထိုး၍ သော်လည်းကောင်း (သို့) စာရေးသူတစ်ဦးထည်းမှ အခြားပူးတွဲရေးသားသူများအတွက် လက်မှတ် ထိုးပေးခြင်းဖြင့်လည်းကောင်း ပေးပို့နိုင်ပါသည်။ တစ်ဦးထည်းက လက်မှတ်ထိုးပေးပို့မည်ဆိုပါက အောက်တွင် ဖော်ပြပေးပါ။ အခြားမေးမြန်းလိုသည်များရှိပါက pratujournal@soas.ac.uk အီးမေလ် သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

အမည် : ....................................................... လက်မှတ် : ............................................... နေ့စွဲ : .........................

စာရေးသူမှတ်ချက် (လိုအပ်ပါက) : ......................................................................................................................